စိုးမိုးစာပေ

# ဆုပေးနှယ်

(ရန်ကုန်တက္ကသိုလ်)

ယုံ မယ် ဆို ရင်

အဖြူရောင်                    ပုံဆွဲစာအုပ်ထဲမှာ စိတ်ရှည်လက်ရှည်နှင့် ညီညီညာညာဖြစ်အောင် အရောင်ခြယ်နေသည် ။

အနီတွေ၊ လိမ္မော်တွေ၊ အပြာတွေ၊ အဝါတွေက ထင်းထင်းလင်းလင်းနှင့် ခြယ်လို့ ကောင်းပြီး အဖြူရောင်ကတော့ စာရွက်ဖြူပေါ် ဘယ်လိုမှ မထင်ရှား။

ရောင်စုံခဲတံဗူးထဲမှာ အရှည်ကြီးပဲ ကျန်နေသေးတာကလည်း အဖြူရောင်ခဲတံပဲ။

သို့သော် အဖြူရောင်က အဖြူရောင်ကိုချစ်တာ၊ သဘောကျနှစ်သက်တာ၊ ငယ်ငယ်လေးကတည်းက အရောင်တွေထဲမှာ အဖြူရောင်ကို အကြိုက်ဆုံးပါ။

ခုထက်ထိလည်း မပြောင်းမလဲဘဲ ကြိုက်နေဆဲပါ။

သီချင်းတိုးတိုးလေး ဖွင့်ထားသော အခန်းထဲမှာ သူမရယ် မောင်လေးအာကာရယ်ပဲ ရှိနေသည် ။

အာကာက ဓာတ်ခဲနှင့် မောင်းရသော သူ့ရဲ့ တင့်ကားကို စားပွဲပေါ် လာတင်လိုက်၏။ ကားက အဖြူရောင်ရဲ့ တံတောင်ဆစ်နှင့် တိုက်မိတော့ ခဏရပ်သွားပြီး ပြန်ကွေ့သည် ။

"ဟဲ့ ... နင့်ကားက ငါ့စားပွဲပေါ်ထိ ရောက်လာပါလား၊ အာကာနော်

မမ ပုံမခြယ်ပေးဘဲနေလိုက်မှာ ၊ ဟွန်း ... သိပ်ရှုပ်တာပဲ"

တကယ်တမ်း ဘယ်လောက်ပဲ ဆော့ဆော့ ဒီမောင်လေးတစ်ယောက်ကိုဖြင့် မငြိုငြင်ရဲပါ။ အဖြူရောင့်ဆီမှာ ဒီမောင်လေး တစ်ယောက်တည်းပဲ ရှိတဲ့ ဥစ္စာလေ။

"အာကာရယ် ... သားရဲ့ ကားကို လာယူစမ်းပါ၊ စားပွဲပေါ်ကကျရင် ကွဲသွားမှာ နော်၊ နင့်ဆီမှာ ကားအပျက်တွေပဲ သိပ်များ နေပြီ၊ ပြီးရင် ထပ်ပူဆာမယ်၊ ပိုက်ဆံဖြုန်းဖို့ ပဲတတ်တယ်"

အဖြူရောင်က ဆူငေါက်ပေမယ့် အာကာလေးက ရယ်နေသည် ။

"ဟဲ ... ဟဲ ... ဟဲ တိုက်ပြီ၊ မမကြီးလက်ကို ဝင်တိုက်ပြီ၊ သေနတ်နဲ့ ပါ ပစ်လိမ့်မယ်၊ ကြည့်နေ"

"နင်နော် ... နင့်ကား ငါလွှင့်ပစ်လိုက်မှာ နော်"

သူ့တင့်ကားကို ဖြုန်းခနဲ ကောက်မပြီး ပစ်ဖို့ လက်ရွယ်မှ အာကာက ပြန်လုသွားသည် ။

"ဝေးဝေးနေစမ်းပါ၊ ဘာမှန်းလည်း ကိုမသိဘူး"

အာကာသည် သူမအခန်းထဲ ပြောင်းဆန်အောင် လာဆော့တတ်သည် ။ ဘာမှ လုပ်စရာမရှိလျှင် ဘောလုံးတစ်လုံးကို နံရံဆီသို့ တဒိုင်းဒိုင်း ပိတ်ကန်နေတတ်သည် ။

သူ လာပြီဆို အော်ဟစ်ရပြီ။

အခု ဒုတိယတန်းပဲ တက်ရတော့မှာ ။ ဒါလည်း အဆော့မက်ဆဲပါပဲ။

ကားက ခုတင်အောက်ထဲ ဝင်သွားလျှင် သူပါ ခုတင်အောက်ထဲသို့ ပုလုံး၍ ဝင်သွား၏။

အဖြူရောင်သည် ဝဲကျလာသော သူမရဲ့ ဆံနွယ်စင်းစင်းပျော့ပျော့လေးတွေကို ကျောဘက်ပြန်ပို့ရင်းက မောင်လုပ်သူလေးအား ချစ်စနိုးကြည့်နေမိပြန်သည် ။

အာကာက ကလေးချောလေးပါ။

ဆံပင်တွေကို မိုးပေါ်ထောင်သလို ပုံသွင်းပြုပြင်ထားတာကလည်း လူကြီးလေးလို။ ပြီးတော့ ဒီကောင်လေးက ပါးဖောင်းဖောင်းနှင့် မျက်နှာသိပ်ချိုသည် ။ မရယ်ရင်လည်း ချစ်စရာကောင်းသည် ။

"ဟဲ့ ... မြန်မြန်ထွက်လာစမ်း၊ မမခုတင်အောက်ကို ဝင်မဆော့ပါနဲ့ ပြောထားတဲ့ ဥစ္စာ"

အာကာက မကြားသလိုပင် သူ့တင့်ကားနှင့်အတူ တော်တော်နှင့် ထွက်မလာ။

အဖြူရောင်က စာကြည့်စားပွဲမှာ ထိုင်နေရာကနေ ကုလားထိုင်ကို နောက်ဆုတ်ထွက် လာပြီး ဒီကောင်လေး ခြေထောက်ကို တရွတ်ဆွဲထုတ်မိ၏။

"မြန်မြန်ထွက်စမ်း ... နင် ဘုန်းကံတွေဘာတွေ နိမ့်ရင် ဘယ်လိုလုပ်မလဲ၊ ယောက်ျားလေးဖြစ်ပြီး ဆော့ဖို့ တစ်ခုထဲသိလို့ ရမလား၊ ကြည့်စမ်း"

"အား ... မမကြီး သားကို နှိပ်စက်နေတယ်၊ အား ... မမကြီး ရိုက်နေပြီ ဖေဖေရေ"

အသံပြနှင့် အော်တိုင်နေသဖြင့် အဖြူရောင်က သူ့ကိုဖိဆိတ်ပစ်သည် ။ ခြေသလုံးကိုလည်း တဖတ်ဖတ်ရိုက်ပစ်သည် ။

မေမေသည် အာကာလေးအသံ ကြားသည် နှင့် သူမအခန်းရဲ့ တံခါး

ကို တစ်ခဏနှင့် လှည့်ဖွင့်ကာ ခေါင်းပြူကြည့်လိုက်သည် ။

"ဖေဖေရေ"

"ဟဲ့ ... ဘာတွေဖြစ်နေတာလဲ"

"သားကို ရိုက်တယ်"

"အဖြူရောင်ရယ်"

"မေမေ့သားက ဆော့စရာရှားလို့ သမီးခုတင်အောက်ထဲ ဝင်ဆော့တယ်"

ကြည့်ပါလား အဖြူရောင်ကလည်း မျက်နှာလေး ရှုံ့မဲ့လို့ တိုင်တောပါသည် ။

မေမေက စိတ်ရှုပ်သလို မျက်ခုံးကို ရှုံ့ရင်း အာကာလေး ဦးခေါင်းကို ပွတ်သပ်ချော့မြူကာ ...

"ကလေးပဲသမီးရယ် ... ဘာသိဦးမှာ လဲ၊ သမီးက မောင်လေးကို နားလည်အောင် ချော့ပြောမှ ပေါ့"

"ဟုတ်တယ် မေမေ၊ မမကြီးက လက်သိပ်မြန်တယ်၊ ပါးစပ်ကပြောရင် လက်ကပါပြီးသားပဲ၊ မမကြီးကို များများ ဆူ"

တကယ်တမ်း အစ်မကြီးဖြစ်သူကို အရမ်းချစ်သော အာကာသည် ရယ်ကျဲကျဲလေးနှင့် မေမေ စိတ်ပြေအောင် ပြန်လည်လျှောချပြီး ဆိုသည် ။

"ဟွန်း ... နင်ပဲ အမျိုးမျိုး"

မေမေက အာကာ့ပါးကို ချစ်စနိုးဆွဲလိမ်သည် ။

ကြည်လင်အေးမြကာ မေတ္တာဓာတ်နှင့် ချိုမြနေသော မေမေ့မျက်နှာကို အဖြူရောင် ငေးကြည့်မိသည် ။

သဘောထားကြီးလှတဲ့ မေမေ။ စိတ်ထားနူးညံ့သိမ်မွေ့လွန်းတဲ့ မေမေ။ ခွင့်လွှတ်တတ်ခြင်း အကြည့်နဲ့ မေမေ။ ဒီမေမေကို တစ်လောကလုံးမှာ အဖြူရောင် အထင်အကြီးဆုံး၊ အလေးစားဆုံးဖြစ်သည် ။

အဖြူရောင့်နှလုံးသားမှာ မေမေ့လို ခွင့်လွှတ်နိုင်စွမ်း မပြည့်ဝသေးပါ ။ ပြန်တွေးလိုက်တိုင်း နာကျင်နေဆဲပါ။

ယောက်ျားဆိုတဲ့ လူစားတွေဟာ လောကကြီးမှာ အတော်မုန်းစရာကောင်းတဲ့ သူတွေ။

အထင်သေးရွံ့မုန်းခြင်းဟာ အဖြူရောင့် ရင်ထဲမှာ အမြစ်တွယ်နေသည် ။

မယုံကြည်နိုင်ခြင်းနှင့် မထေမဲ့မြင်ဆန်ခြင်းဟာ အဖြူရောင်ဆီမှာ ရှိနေသည် ။

အချစ်ဆိုတာကိုပင် မယုံတာပါ။

ယောက်ျားတွေမှာ ရှိတာ အချစ်ဟုတ်လို့ လား။

အလိုရမ္မက်ပြင်းပြင်းပါ။ ဘယ်သူ့အပေါ်မှာ မဆို ဘယ်လိုမိန်းမမျိုးအပေါ်မှာ မဆို အချိန်မရွေး ကျရောက်နိုင်တဲ့ အတ္တနဲ့ ယှဉ်တဲ့ ရယူလိုခြင်းပါ။

ဒါကို အချစ်လို့ ပြောရင် ရယ်စရာပေါ့။

အရက်ကြောင့်ပါ။ အရက်ကြောင့် အမိုက်မှောင်ဖုံးတာပါလို့ ပြောရင် အဖြူရောင် ပိုပြီး ဟားတိုက်လိုက်ချင်သည် ။

အမှောင်ဖုံးချင်လို့၊ အပြစ်ကို ကာကွယ်ချင်လို့ ပဲ အရက်သောက်တာ မဟုတ်ဘူး လား။

ဘာပဲဖြစ်ဖြစ် အဖြူရောင်တော့ ယောက်ျားတွေကို ကြည့်လို့ မရ ပတ်လည်း မပတ်သက်ချင်။

အရက်ကြိုက်သော ယောက်ျားတွေကိုတော့ ပိုလို့ ပင် စက်ဆုပ်နေမိကာ အလိုလိုနားကြည်းနေသည် ။

လူတွေဟာ ကိုယ့်ဘဝမှာ တွေ့ကြုံရင်ဆိုင် ဖြတ်သန်းရတဲ့ အကြောင်းကိစ္စတွေအပေါ် မူတည်ပြီး သင်ခန်းစာယူတတ်၊ မှတ်ချက်ချတတ်သည် မဟုတ်လား။

အဖြူရောင်ဆိုသော ချစ်စဖွယ် မိန်းကလေးမှာ လည်း သူရင်ဆိုင်ခံစားရသော ဘဝအတွေ့အကြုံတွေကြောင့် သည်းခြေထဲ စွဲမှတ်ထားသော သင်ခန်းစာတွေ၊ စိတ်နာကျင်မှုတွေ ရှိနေခဲ့သည် ။

လှပသော ရုပ်ရည်လေးနှင့် မလိုက်ဖက်အောင်ပင် သူစိမ်းယောက်ျားတို့ အပေါ် သူမက စိမ်းကားအေးစက် မာကျောခက်ထန်နေတတ်သည် ။

ဤသို့သော မိန်းကလေးကို အမှန်တကယ် ချစ်မြတ်နိုးမိသော ယောက်ျားတစ်ဦး ပေါ်ပေါက်လာပုံက အမှတ်မထင် ဆန်းလှ၏။

*

တောတောင်ရေမြေ သဘာဝနှင့် ရာသီဥတုတွေက ဆန်းကြယ်သည်။ လူတွေရဲ့ ရုပ်ကိုရော၊ စိတ်ကိုပါ ပြောင်းလဲပစ်နိုင်သည် ။

ဂါမဏီ အရင်ကတော့ ဒါတွေကို အချိန်ပေးပြီး မခံစားတတ်ပါ။ သူခံစားတာက သူစီးနေသောကားကို ကောင်းသထက်ကောင်း၊ မြင့်သထက်မြင့်အောင် လဲလှယ်စီးဖို့ ၊ ဒီလိုလဲလှယ်တိုင်းမှာ လည်း ကိုယ့်အတွက် အမြတ်အစွန်းကျန်ဖို့ ၊ သူဖွင့်လှစ်ထားတဲ့ ပန်းချီအရောင်းပြခန်းလေး ရေရှည်တည်တံ့ခိုင်မြဲပြီး ပေါက်ပေါက်ရောက်ရောက် နာမည်ရဖို့ ၊ နိုင်ငံခြားမှာ ပင် ပန်းချီဂါမဏီဆိုတဲ့ ပန်းချီဆရာအမည်ကို သိရှိမှတ်မိနေရာပေးလာဖို့ တစ်နေရာရောက်လျှင် ဘာတွေ ပန်းချီရေးကွက် ရှိနိုင်မလဲ ခေါင်းထဲ အပြင်းအထန်ရှာဖွေဖို့ ၊ တစ်ကိုယ်တော် ပန်းချီပြပွဲတွေ တင်ဆက်ဖို့ ၊ အပေါင်းအသင်းတွေနှင့် ညနေတိုင်းလိုလို ဘီယာဂါးဒင်းတစ်ခုခုမှာ တဟားဟားနှင့် ဝိုင်းဖွဲ့သောက်စားနိုင်ဖို့ ၊ မိန်းမတစ်ယောက်ရဲ့ အချုပ်အနှောင်မှာ ထာဝရမိမသွားဖို့ အခုလိုပဲ ပျော်ပျော်ပါးပါး တစ်သက်လုံးနေနိုင်ဖို့ ။

အင်း ... နေစမ်းပါဦး၊ ကိုယ်သတ်မှတ်တဲ့ တစ်သက်လုံးဆိုတဲ့ ကာလက အချိန်ဘယ်လောက်ရှိမလဲ။ နှစ်တွေအကြာကြီးလား။ ကိုးဆယ်တစ်ရာထိလား။ ဒါမှ မဟုတ် ခြောက်ဆယ်၊ ခုနစ်ဆယ်လား။ ဒါမှ မဟုတ် ... ။

ဂါမဏီက နှုတ်ခမ်းကို တွန့်ကွေးလို့ တစ်ချက်လေး ယောင်တောင်မှု ပြုံးလိုက်ပါသည် ။

လောကဓံတွေကို သူ ခံနိုင်ရည်ရှိချင်သည် ။

ဘာမှ တွေဝေတွန့်ဆုတ်မနေချင်။ ဖြစ်သမျှတွေကို ခေါင်းမော့ရင်ဆိုင်ချင်သည် ။ ခေါင်းငုံ့အရှုံးပေးဖို့ ဆိုတာ သူတစ်ခါမှ ပင် မတွေးမိပါ။

ဂါမဏီ ကြည့်ရင်းပင် ပတ်ဝန်းကျင်ရှုခင်းတွေက ပြောင်းလဲလာပါသည် ။

နှစ်ဆယ့်တစ်မိုင်ကျော်တာနှင့် သိသိသာသာ အေးစိမ့်လာသည် ။

မန္တလေးတုန်းက အိုက်စပ်စပ် ဖြစ်နေခဲ့တာ ဟုတ်မှ ဟုတ်ရဲ့ လားဟု ထင်စရာ။

ချက်ချင်းပဲ လူက ချမ်းစိမ့်တက်လာတာ။

သူလည်း ပြင်ဦးလွင်မရောက်ဖြစ်တာ အတော်ကြာပြီ။ ပစ်ထားခဲ့တဲ့ ခြံကို ပြန်ကို လှည့်မကြည့်ဖြစ်ပါ။

အခုမှ ပဲ ဂါမဏီ တစ်ကိုယ်တော်ခရီး ထွက်လာတာဖြစ်သည် ။ သူ့မှာ ပစ္စည်းသယ်ပိုးစရာ များများ စားစား မပါ။အဝတ်အစားတချို့နှင့် ပန်းချီရေးဆွဲစရာ ပစ္စည်းပစ္စယ အနည်းငယ်သာ ပါသည် ။

သူ့မှာ သေသပ်စနစ်ကျတဲ့ အစီအစဉ်လည်း မရှိ။

ဥပမာ ဒီပြင်ဦးလွင်မှာ သူဘယ်၍ ဘယ်မျှ ဘယ်နှရက်ထိ နေမယ်ဆိုတဲ့ ပလန်တစ်ခုတောင် မရေးဆွဲခဲ့။

အဆင်ပြေသလို ကြည့်ကျက်ဖန်တီးရတော့မှာ ပဲ။

သံချောင်းကတော့ သူ့ကို မခေါ်ခဲ့တဲ့ အတွက် မျက်နှာငယ်ငယ်နှင့်

ကျန်ရစ်ခဲ့သည် ။ ခါတိုင်းဆိုလျှင်တော့ အရပ်ရှည်ရှည် ခပ်ကိုင်းကိုင်း ကင်းကောင်နှင့် ဆင်ဆင်တူသော သူ့တပည့်ကျော်သံချောင်းကို ဂါမဏီ ဘယ်သွားသွားခေါ်နေကျ။

သူ့အဖော်ဟာလည်း သံချောင်းနှင့် သူငယ်ချင်းတွေပဲ။

ကျော်ကျော်ကတော့ သိပ်မကြာခင် သင်္ဘောပြန်တက်မှာ ဖြစ်သည် ။ ဒီကောင်က ပင်လယ်ပျော်ကြီးလေ။

ထွက်နေတာ ဆယ်နှစ်ဆယ်မိုးပင် မကပါ။

သန်းထိုက်ကတော့ ယုဇနပလာဇာမှာ ဆိုင်ထိုင်တဲ့ သူဆိုတော့ တော် ရုံတန်ရုံ အိမ်ကနေ ဘယ်မှ မသွား။

သူ့ဆိုင်က တစ်ရက်မသွားလို့ မဖြစ်မယ့်အတိုင်း မိုးလင်းတိုင်း သား သားနားနား မင်းသားရုံးအောင် ပြင်ဆင်ပြီး ကြော့ကော့မွေးကြိုင်ကာ ထွက်သွားတတ်သည် ။

အပျော်ခရီးတောင် တစ်နှစ်တစ်ခါ သင်္ကြန်ပိတ်ရက်မှ ပဲ ခေါ်လို့ ရ တဲ့ ကောင်။ သူ့ကို အားကိုးဖို့ ဆိုတာ မဖြစ်နိုင်။ ဒီတွေသိလို့ လည်း ဂါမ ဏီက ဘယ်သူ့မှ အဖော်မခေါ်ဘဲ တစ်ယောက်တည်းထွက်လာတာ။

တကယ်တော့လည်း လူဆိုတာ မွေးလာကတည်းက တစ်ယောက်တ ည်းပဲလေ။ ဒီလို ခရီးယာယီထွက်တာ ဘာဟုတ်ဦးမလဲ။ တစ်ချိန်ချိန်မှာ မလွဲမသွေ ပြန်လမ်းမဲ့တဲ့ ဂူကြီး တစ်ခုထဲကို တစ်ယောက်တည်းပဲ မှော င်မှောင်မည်းမည်း ဝင်သွားရဦးမှာ ။ ဘယ်ကိုရောက်မှန်းမသိတဲ့ ခရီးကို တစ်ယောက်တည်းပဲ ကိုယ်စီသွားရဦးမှာ မဟုတ်လား။

အိုကွာ ... ငါဘာတွေ တွေးနေမိတာလဲ။

ထားလိုက်စမ်းပါ။ ဒီအရာက ကြိုတင်စဉ်းစားထားလို့ မကောင်းတဲ့

အရာ။ နေစမ်းပါ … ကျွတ် …။

ဂါမဏိ နောက်တစ်ကြိမ် တစ်ဦးတည်း ထပ်မံပြုံးမိပြန်၏။

ကားပေါ်ကဆင်းပြီးသောအခါ ကျောပိုးအိတ် အသေးတစ်လုံးနှင့် ခရီးဆောင်သေတ္တာကို ဘီးလိမ့်လို့ တွန်းကာ ထွက်လာခဲ့ပါသည် ။

*

အဖြူရောင် လှေကားပေါ်ကနေ ဆင်းလာသောအခါ ဧည့်ခန်းမှာ မေမေနဲ့ အတူ ထိုင်စကားပြောနေသော ဧည့်သည် တစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည် ။

မီးခိုးရောင် ဘောင်းဘီရှည်နှင့် ဆွယ်တာအင်္ကျီလက်ရှည်အဖြူကို ဝတ်ဆင်ထားသော သူ့သဏ္ဌာန်သည် ရှင်းသန့်ကြော့မတ်ကာ အလွန်စတိုင်လည်း ဖြောင့်သော လူတစ်ယောက် ဖြစ်သည် ။

လှေကားရင်းကနေ လှမ်းကြည့်လိုက်ရုံဖြင့်ပင် သားနားချောမောနေသော သူ့ပုံစံက ထင်ရှားနေသည် ။

သူကလည်း ရုတ်တရက် ဖျတ်ခနဲ မော့ကြည့်သည် ။ သူ့မျက်လုံးတွေက စူးရှတောက်ပပြီး ချိုရီနေသည် ။ သူ့ကို အရင်က အဖြူရောင် တစ်ခါမှ မမြင်ဘူးခဲ့။

သူမမေမေနှင့်  စကားပြောနေပုံမှာ တရင်းတနှီးရှိလှသည် ။ ပြောလက်စစကား ရပ်သွားသဖြင့် မေမေက သူမထံ သမင်လည်ပြန်ကြည့်ရင်း …

“ဟော သမီးလေး အခုပဲ မေမေက ခေါ်တော့မလို့ လာပါဦး၊ ဒီမှာ လာထိုင်”

ဧည့်ခန်းဆိုဖာရှိရာသို့ သူမ လျှောက်လာစဉ် ထိုလူကြီးက သူမကို မျ

က်တောင်မခတ် ငေးစိုက်ကြည့်နေခဲ့သည် ။

အဖြူရောင်က မေမေ့ဘေးမှာ ဝင်ထိုင်လိုက်သည် ။

“ဒါ အန်တီ့သမီး အဖြူရောင်လေ”

“ဟာ ... အဖြူရောင်လား၊ ငယ်ငယ်တုန်းကအတိုင်း ချစ်စရာကောင်းတုန်းပဲ၊ သူ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ် အန်တီ၊ ပြန်မိတ်ဆက်ရတော့မှာ ပဲ၊ ဟား ... ဟား ... ဟား”

သူ့စကားပြောပုံနှင့် ရယ်မောပုံမှာ ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ရှိလွန်းသည် ။ သူမကို ဘယ်တုန်းက ရင်းနှီးနေပါလိမ့်။

“သမီး သူက ဟိုဘက်ခြံက ဦးမြတ်လင်းရဲ့ သားလေ၊ ငယ်ငယ်တုန်းက သမီးနဲ့ အတူ ဆော့ဖူးတာပဲ၊ မမှတ်မိဘူးလား”

“အဲဒီတုန်းက သူငယ်သေးတော့ မမှတ်မိဘူးပေ့ါ၊ ကိုကဂါမဏီလေ”

“အဲဒီတော့ ဘာဖြစ်လဲ”

“ဟာ ... အန်တီသမီးကိုကြည့် ကျွန်တော့်ကို သူစိမ်းဆန်သွားပြီတွေ့လား”

“ရှင့်ကို ကျွန်မမှ မသိတာ”

“ကိုယ်တို့ ငယ်ငယ်တုန်းက အိမ်နီးချင်းတွေလေ၊ မင်းကိုတောင် ကိုယ် ကုန်းပိုးချီခဲ့ရတယ်”

“အပိုတွေမပြောနဲ့ ”

“ဟား ကိုယ်အမှန်ပြောတာပါ၊ မယုံရင် အန်တီ့ကို မေးကြည့်ပါလား၊ အန်တီ ဟုတ်တယ်နော်”

မေမေက သူမတို့ နှစ်ယောက် ငြင်းခုံနေပုံကို ပြုံးကြည့်ကာ ...

"မောင်ဂါမဏီရေ သမီးက အဲလိုပဲ နည်းနည်းဆိုးတယ်"

"ကျွန်တော်ကတော့ သူ့ကိုတွေ့လို့ ပျော်သွားတာ"

"ကျွန်မကတော့ ရှင့်ကိုတွေ့လို့ စိတ်ညစ်တယ်"

"ဟောဗျာ"

မေမေက ရယ်နေသည် ။ ပြီးတော့ ပြောလက်စ စကားကိုဆက်၏။

"မင်း ဒီကိုလာတာ အလည်သက်သက်ပဲလား"

ဂါမဏီက သူမမျက်နှာကိုကြည့်ပြီး ...

"ကျွန်တော် အကြာကြီးနေဦးမှာ ၊ အိမ်ကို ပြန်ပြင်ပြီးတော့ ဆေးတွေဘာတွေ သုတ်မယ်၊ ပြီးရင် ပြင်ဦးလွင်မှာ ကျွန်တော်ကြိုက်တဲ့ ကောင်မလေးတွေ့ရင် လက်ထပ်ပွဲကို အကြီးအကျယ်လုပ်မယ်ဗျာ၊ မကောင်းဘူးလား"

"ကောင်းပါ့တော်"

သူ့ဟာသူ လက်ထပ်မယ့်ကိစ္စ ဒီမှာ လာပြောနေရသေးတယ်၊ ဟွန်း ... ။

"သားဖေဖေကရော အင်္ဂလန်မှာ ပဲလား၊ မြမြအေးရော နေကောင်းလား"

"ကောင်းပါ့ဗျာ ... အဖေရော၊ သူ့ဇနီးရော ကျန်းမာချမ်းသာလျက်ပါ"

ဂါမဏီသည် သူ့ဖခင်၏ နောက်ဇနီးသစ်အကြောင်း ပြောရတာ တစ်ချက်ကလေးမှ မျက်နှာမပျက်ဘဲ ခပ်ပျော်ပျော်ပင်။ သူကိုယ်တိုင်ကပဲ အ

ပူအပင်ကင်းကင်း နေတတ်တာဖြစ်မည်။ သူစကားပြောတိုင်း ရယ်သံက ကပ်ပါနေ၏။

"အေးကွယ် ... သားကိုတွေ့ရတာ ဝမ်းသာပါတယ်။ ဒီမှာ ပြန်နေမယ်ဆိုတော့ အားကိုးအားထား အဖော်ရတာပေါ့ကွယ်"

ဟင့်အင်း ... သူ့ကိုများ အဖော်မလုပ်ပါဘူး။

မေမေကတော့ သူ့ကိုပြန်တွေ့ရတာ ဝမ်းသာအားရရှိသည် ။

မေမေသည် ဂါမဏီ ဖခင်နှင့်ရော သူ့ဇနီးအသစ် မြမြအေးနှင့်ပါ ရင်းနှီးခင်မင်ခဲ့သည် ။ ဦးမြတ်လင်းနှင့် မေမေတို့ က အရင်ကတည်းက ကျောင်းနေဖက်သူငယ်ချင်းတွေ။

ဦးမြတ်လင်းတို့ ပြောင်းသွားပြီးနောက် သူတို့ ခြံကျယ်ကြီးကို တပည့်တစ်ယောက် အစောင့်ထားပြီး ပစ်ထားလိုက်တာ တမေ့တမော။ အခုမှ ဂါမဏီက မမျှော်လင့်ဘဲ ဒီကိုရောက်လာတာဖြစ်သည် ။

မေမေက သဘောကောင်းကောင်း နှင့် ...

"မောင်ဂါမဏီ ဒီမှာ နေရစားရတာ အဆင်မပြေတာရှိရင် ပြောနော်၊ ဖိုးစံကတော့ဟော့ သူ့ဟာသူတောင် အချိန်တန်ရင် ထမင်းဆိုင်ထွက်စားနေတာ အန်တီတွေ့တယ်၊ တစ်ခါတလေ အန်တီတောင် ငါးပိကြော်လေး၊ ငါးခြောက်ဖုတ်လေး လှမ်းပေးရသေးတယ်၊ သူ့ကိုအားကိုးပြီး သူ့လက်ရာစားဖို့ ကတော့ မလွယ်ဘူးထင်တယ်"

"ဟုတ်တယ်ဗျို့"

"ဒါဆို အားမနာနဲ့ မောင်ဂါမဏီရေ၊ အန်တီတို့ အိမ်ဘက်ပဲ လာစားလိုက်ပါ၊ အခုညလည်း သားကို ထမင်းစားဖိတ်ပါတယ်၊ ညဆို မင်းအန်ကယ်လည်း ပြန်ရောက်ပြီ"

"ဟာ … လာရမှာ ပေါ့၊ အန်တီတို့ အိမ်နားနေရတာတော့ ဟန်ကျတာပဲ၊ ဒါပေမဲ့ အန်တီကသာ ဖိတ်တာနော် အန်တီ့သမီးက ကျွန်တော့်ကို ကြည့်ပုံမရဘူး"

"အဲလိုလည်း မဟုတ်ပါဘူး၊ သမီးက အခုထိ ကလေးဆန်တုန်း"

သူသည် အဖြူရောင်မျက်နှာကို ကြည့်ရုံနှင့် စိတ်ထဲက အတွေးကို လစ်ဟတွေ့ပေမယ့် သူ စိတ်မဆိုးပေ။ နားလည်ခွင့်လွှတ်ပုံရသော အပြုံးအေးအေးနှင့်သာ တုံ့ပြန်၏။ အဖြူရောင်အမြင်မှာ သူ့ပုံစံတွေက ဆန်းကြယ်နေသည် ။ စိတ်ရှည်သဘောကောင်းသော မျက်နှာထားကို အဖြူရောင် ကြည့်မရစွာ မျက်စောင်းတစ်ချက် ဝင့်မိသည် ။

တအောင့်ကြာ၍ သူပြန်သွားလျှင် အဖြူရောင်က မေမေ့ကိုစူပုတ်ပုတ် မျက်နှာလေးနှင့် မော့ကြည့်ရင်း …

"အမေတို့ ကလည်း နော် … မိတ်ဆွေဆိုရင် တစ်ခါလောက် ထမင်းစားဖိတ်ရင် တော်ရောပေါ့၊ ဘာကြောင့် အမြဲတမ်း ဖိတ်ခေါ်နေရမှာ လဲ၊ ဘာမှန်းလည်း မသိဘူး၊ သူစိမ်းယောကျ်ားတစ်ယောက် အိမ်မှာ ဝင်ထွက်မှာ စိတ်ရှုပ်စရာကြီး"

"ဩော် … သမီးကလည်း ကွယ်၊ မောင်ဂါမဏီက သူစိမ်းမှ မဟုတ်တာ သမီးအစ်ကိုပဲ"

"ဟွန်း … သူ့ကိုများ အစ်ကိုမတော်နိုင်ပါဘူး"

အဖြူရောင်က ခပ်ဆတ်ဆတ်လေးပြောကာ သူမမိခင်နားမှ ခပ်ဆောင့်ဆောင့် ထွက်ခဲ့သည် ။

ထိုညနေမှာ အဖြူရောင်က မေမေ့ကို ကူညီပြီး ဝိုင်းဝန်းချက်ပြုတ်လုပ်ကိုင်ပေးနေပေမယ့် နှုတ်ကတော့ ဘာမှ မပြောဘဲ တိတ်ဆိတ်နေမိသ

ည် ။

အရင်ကလည်း အိမ်မှာ ဧည့်သည် ထမင်းစားဖိတ်ထားတဲ့ နေ့ဆို မေမေတို့ ဒေါ်လုံးတို့ နှင့်အတူ အဖြူရောင် ဝင်ကူညီနေကြပါပဲ။ သို့သော် ဒီတစ်ခါတော့ အဖြူရောင့်ရင်ထဲ ခိုးလုခုလို့ ဖြစ်နေရသည် ။

ဂါမဏီဆိုသော လူကြီးရဲ့ တရင်းတနှီး နှစ်လိုဟန်မျက်လုံးတွေကို သူမ အနည်းငယ် စိုးရွံ့နေမိသည် ။

သူမနှလုံးသားထဲသို့ ထွင်းဖောက်တော့မလို နွေးထွေးချိုမြိန်သော သူ့မျက်လုံးတွေကို အဖြူရောင် စိတ်လှုပ်ရှားသွားမိတာကိုဝန်မခံချင်။

ဂါမဏီဘက်က သူမအပေါ် တစ်စုံတစ်ရာ စိတ်ဝင်စားမှုနှင့် မျှော်လင့်မှုရှိနေပါက သူ့ဆန္ဒ မပြည့်ဝနိုင်ကြောင်း သိစေချင်သည် ။

အဖြူရောင့်ရင်ထဲမှာ မာနမီးခိုးတွေနှင့် မွန်းလျှောင်နေသည် ။ ဂါမဏီကတော့ ဒါတွေသိမှာ မဟုတ်။ မေမေက ငယ်ငယ်ကအတိုင်း သူ့အပေါ် ခင်မင်နှစ်လို ချစ်ခင်စွာရှိဆဲ။ တကယ်ဆို သူ့ဘက်မှာ ဘာတွေ ပြောင်းလဲနေပြီလဲမှ မသိတာ။ အချိန်ကာလ အကြာကြီးကြာခဲ့ပြီပဲ။

ဟိုတုန်းကလို ဖြူစင်ရိုးသားတဲ့ သဘောထားအတိုင်း တစ်သက်လုံး ရှိနေမည်ရယ်လို့ ဘယ်သူက ပြောနိုင်မှာ လဲ။ မေမေ ယုံကြည်သလို သူမ မယုံကြည်နိုင်ပါ။

အဖြူရောင်သည် စိတ်ထဲက သူ့အကြောင်းတွေးရင် ခရမ်းချဉ်သီးကို ခပ်မြန်မြန် လှီးနေရာ ဓားဦးချွန်လေးနှင့် လက်ညှိုးကိုထိုးမိတော့မလိုပင် တစ်ချက်ဖြစ်သွားသည် ။

သူမကိုယ် သူမလည်း ပြုံးမိ၏။

ဂါမဏီ ပြန်သွားကတည်းက သူမ ထိုအကြောင်းကိုပဲ တွေးနေမိတာ

ဘာကိုမှန်းမသိ မခံမရပ်နိုင် ဖြစ်နေမိသည် ။

သူနှင့် မရင်းနှီးလိုပါ။ သူ အမြဲတမ်း အဖြူရောင်တို့ အိမ်ကို ရောက်နေမှာ လည်း မလိုလား။

"မေမေ"

"ဟင်"

"သမီး ဘာလုပ်ပေးရဦးမလဲ"

"ရပြီ သမီး၊ ပြီးနေပြီပဲ"

ညနေစောင်းပေမယ့် မီးဖိုခန်းထဲ ရှိနေတာမို့ သိပ်မချမ်း။ ကော်လံပါသော အပြာရောင် ဂါဝန်ထူထူလေးနှင့် ရှေ့ခွဲဆွယ်တာရင်စေ့လေး ထပ်ဝတ်ထားသော အဖြူရောင့်ဟန်ပန်တွေက ကလေးဆန်စွာ ချစ်စဖွယ်ကောင်းနေရပါသည် ။

အဖြူရောင်သည် ရုတ်တရက် စိတ်ကူးရလာကာ ...

"မေမေ"

"ပြောလေ သမီး"

"အဖြူရောင် ကြင်ကြင်တို့ အိမ် ခဏသွားဦးမယ်၊ စာအုပ် အငှားဆိုင်လည်း သွားစရာရှိသေးတယ်"

သူမသည် ဂါမဏီနှင့် မဆုံအောင် ကြိုတင်ရှောင်နှင့်ဖို့ ရည်ရွယ်တာ။

မေမေကလည်း သူမအကြံကို ရိပ်မိသည် ။

"စာအုပ်ဆိုင်သွားရင်လည်း ခပ်မြန်မြန် ပြန်လာနော်၊ ညစာကို မိသားစု စုံစုံညီညီ လက်ဆုံစားမှ ကောင်းမှာ ပေါ့၊ မောင်ဂါမဏီကိုလည်း အားနာစရာ သမီးရယ်"

“အို … သူ့ကို အဖြူရောင် ဖိတ်ထားတာမှ မဟုတ်တာ”

“ဒီကောင်မလေးကလည်း ကွယ်”

အဖြူရောင်က လက်ဆေးပြီး အပေါ်ထပ် သူမအခန်းရှိရာတက်လာခဲ့သည် ။ ပြတင်းပေါက်ကနေ အမှတ်တမဲ့ လှမ်းကြည့်လိုက်ရာ ခြံထဲမှာ ဖိုးစံနှင့် ရပ်စကားပြောနေတဲ့ ဂါမဏီကို တွေ့ရသည် ။ ဂါမဏီကလည်း ရုတ်တရက် ဒီဘက်ကို မော့ကြည့်သည် ။

မျက်ဝန်းနှစ်စုံက ဝေးကွာသော ခရီးကို ဖြတ်ပြီး ဒိုင်းခနဲ ဆုံမိကြသည် ။

သူက လှစ်ခနဲ ပြုံး၏။ ပြီးလျှင် လက်တစ်ဖက်ကို မြှောက်ပြ၏။ သူ့အမူအရာက ရွှင်လန်းသွက်လက် မြူးပျနေသည် ။

အဖြူရောင်က ဘာမှ မဖြစ်သလို အကြည့်ပြန်လွှဲလိုက်သည် ။ ထို့နောက် လိုက်ကာကို ဆွဲစေ့ကာ အဝတ်အစားလဲဖို့ ပြင်သည် ။

ဂျင်းဘောင်းဘီရှည်နှင့် ခေါင်းဆောင်းပါသော ဆွယ်တာအင်္ကျီအပြာဖျော့ဖျော့လေးကို ခပ်မြန်မြန်ပဲ ဝတ်ဆင်လိုက်သည် ။

စင်းဖြောင့်သော ဆံနွယ်ပျော့ပျော့လေးတွေကို တစ်ချက်နှစ်ချက်ဖြီးပြီး နှုတ်ခမ်းကို ချော့ကလက်ဖျော့ဖျော့ နှုတ်ခမ်းနီအရည် Lip gloss ကို စုပ်တံနှင့် ဆိုးပြီးသောအခါ သူမရဲ့ ပြင်ဆင်မှုက ပြီးသွားသည် ။

ပြီးလျှင် ရေမွှေးအနည်းငယ် နှိပ်ဖျန်းစွတ်လိုက်ကာ အခန်းပြင်ထွက်ပြီး လှေကားမှ ပြေးဆင်းလာသည် ။

ထို့နောက် အိမ်ရှေ့ဆင်ဝင်အောက်မှာ အသင့်ဆောင်ထားသော စက်

ဘီးလေးပေါ် တက်ပြီး အသော့နင်းလျက် ထွက်ခွာခဲ့သည် ။

ကုန်းမြင့်လေးအတိုင်း နင်းလာခဲ့ပြီး အတန်ကြာသောအခါ ထင်းရှူးပင်တို့ နှင့် အုံ့ဆိုင်းမှိုင်းညို့နေသည့် အကြင်နာတို့ ခြံကလေးဆီသို့ ရောက်လာခဲ့သည် ။

ဝရန်တာကျယ်ကျယ်နှင့် လေ့ကားထစ် ကွေ့ကွေ့ဝိုက်ဝိုက်လေးတွေ ပါဝင်သော အကြင်နာတို့ တိုက်ကလေးက ကဗျာဆန်စွာ ဆန်းသစ်နေ၏။

မရမ်းဖျော့ရောင် ဆေးလေး သုတ်ထားပုံက မျက်စိထဲသို့ ပိုမိုအေးသွားစေသည် ။

"ကြင်ကြင်ရေ"

"ဟေ"

သစ်ခွအိမ်ဘက်မှ အကြင်နာ ထွက်လာသည် ။ သူမကစက်ဘီးကိုတွန်းရင်း ...

"ဘာတွေအလုပ်ရှုပ်နေတာလဲ"

"မရှုပ်ပါဘူး"

"နင့်ကိုကြည့်လိုက်ရင် တကုပ်ကုပ်နဲ့ ပန်းပင်တွေနဲ့ ပဲ အလုပ်ရှုပ်နေတာပဲ"

"ဩ ... ဒါကတော့ ငါ့ဝါသနာကိုးဟဲ့"

အကြင်နာက ဆံပင်ရှည်ရှည်လေးနှင့် မိန်းမပီသသော သိမ်မွေ့နူးညံ့သော အမူအရာရှိသည် ။

သူဘာလုပ်လုပ် ဘာပြောပြော ခပ်ဖြည်းဖြည်းနှင့် အေးအေးဆေး

ဆေးလေး ...

အသံကလေးကလည်း ချိုသာအေးမြသည် ။ စိတ်ရှည်သဘောကောင်းသော ဟန်ပန်လေးနှင့် ချစ်စရာကောင်း၏။

အဖြူရောင်ကတော့ လှုပ်လီလှုပ်လဲ့နှင့် ကန့်ကလျဆန်သော သူ့ပုံစံကို ဘယ်တုန်းကမှ အားမရပါ။

သို့သော် အကြင်နာက သူ့အကြောင်းနှင့်သူ။

သူ့မှာ ငယ်စဉ်ကတည်းက နှလုံးသွေးကြောကျဉ်းသောရောဂါ ရှိသည် ။

ကျောင်းတက်ကတည်းက သူ့ကို အဖြူရောင်တို့ သူငယ်ချင်းတွေက ငဲ့ညှာဂရုစိုက်ရသည် ။ ဖေးမအလိုလိုက်ရသည် ။

သူ့အိမ်ကလည်း သူ့ကို မျက်နှာတစ်ချက်မညိုးအောင် ဝိုင်းဝန်းအလိုလိုက် အကြိုက်ဆောင်သည် ။ ဘာမဆို သူ့သဘောပင်။

အကြင်နာဆိုသော နာမည်နှင့်လိုက်အောင် သူ့အပေါ် ကြင်ကြင်နာနာ ဆက်ဆံကြသည် ။

“အိမ်ပေါ်တက်ဦးလေ”

“မတက်ပါဘူး၊ စာအုပ်ဆိုင်လိုက်ခဲ့”

“နေဦးလေ”

“ဘာတွေအလှပြင်ဦးမှာ လဲ”

“မဟုတ်ပါဘူး ... မေမေ့ကို သွားပြောဦးမယ်လေ”

ပြောပြောဆိုဆို အကြင်နာက အိမ်ပေါ်တက်သွားသည် ။

အဖြူရောင်သည် ပန်းပင်တွေစုံလှသော အကြင်နာတို့ ခြံကလေးကို လှည့်ပတ်ကြည့်ရှု ငေးမောနေမိသည် ။

ရောင်စုံပန်းခင်းများက စိတ်နှလုံးကို ကြည်မွေ့စေသည် ။

အဖြူရောင်တို့ အိမ်မှာ လည်း ပန်းပင်တွေရှိပေမယ့် ဒီလောက် မစုံပေ။

အကြင်နာ ပြန်ထွက်လာသောအခါ သူမက အကြင်နာ့ကို စက်ဘီးပေါ်တင်နင်းပြီး စာအုပ်ဆိုင်သို့ ထွက်လာခဲ့သည် ။

အကြင်နာက ဘယ်တော့မှ စက်ဘီးကိုယ်တိုင်မနင်း။ ကယ်ရီယာပေါ်ကပဲ ငြိမ်ငြိမ်ထိုင်စီးသည် ။

သူ့ကို အဖြူရောင်က တစ်လှည့်၊ ဖွဲ့ကတစ်လှည့် စက်ဘီးနှင့် တင်ခေါ်ရသည် ။

"ကြင်ကြင်ရေ"

"ဟင်"

"ဖွဲ့ ပျောက်နေပါလား၊ နင့်ဆီ ရောက်သေးလား"

"ရောက်ပ့ါ၊ ညနေတိုင်းလာတာပဲ၊ သူ အခုလည်း တော်ကြာဆို ရောက်လာမှာ ပါ"

"ဟုတ်လား"

ဖွဲ့က ကြင်ကြင့်ကို ပိုခင်မင်ပုံရတဲ့ သဘောပေ့ါ။ သူမဆီတော့ တော်ရုံတန်ရုံ ရောက်မလာ။ အကြင်နာနှင့်က အိမ်ချင်းပိုနီးလို့ ဖြစ်မှာ ပါ။

ဖွဲ့ သူမကို အလေးအနက်ရှိလှတာ သူမ ရိပ်မိသည် ။

စာအုပ်ဆိုင်ထဲရောက်ပြီး မကြာမီ ဖွဲ့က စက်ဘီးလေးနှင့် ရောက်လာ

ပါသည် ။

“ဟေး ... ဘာလုပ်နေကြတာလဲ”

“ဟင် ... ဇွဲ”

အကြင်နာက ဖျတ်ခနဲ လှည့်ကြည့်သည် ။

“နင်တို့ စာအုပ်ဆိုင်သွားတယ်ဆိုလို့ ငါလိုက်လာတာ၊ ပြီးရင် ကော်ဖီဆိုင်သွားထိုင်ရအောင်”

“အင်း ... ကောင်းသားပဲ”

အဖြူရောင်က ခပ်မြန်မြန် ခေါင်းညိတ်လိုက်သည် ။

သူမကမှ အိမ်မပြန်ချင်သေးတာလေ။

ထို့နောက် သုံးယောက်သား (Blue Mountain) ကော်ဖီဆိုင်လေးကို ရောက်လာခဲ့ကြသည် ။

ဒီတစ်ခါတော့ အကြင်နာ့ကို ဇွဲက သူ့စက်ဘီးပေါ်တင်ခေါ်ခဲ့တာဖြစ်သည် ။

ဆိုင်ထဲရောက်လျှင် သူမက ဇွဲကို မော့ကြည့်ပြီး ရုတ်တရက် ...

“ဇွဲ ... သိလား၊ မင်းကို ငါ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်နော်” ဟု အဖြူရောင်က စတင်ပြော လိုက်လေသည် ။

အကြင်နာက မျက်ခုံးလေးပင့်ရင်း ...

“ဘယ်သူလဲ” ဟု အလန့်တကြားလေး မေးသည် ။

အဖြူရောင်က မဖြေဘဲ လျှို့ဝှက်သောအပြုံးလေးနှင့် ပြုံး လိုက်လေသည် ။

မြတ်နိုးဖွဲ့ထန်သည် သူမမျက်နှာကို တိတ်တဆိတ် ကြည့်ရင်း ရင်ထဲမှာ ပြင်းထန်စွာ တုန်ယင်လှုပ်ရှားသွားရသည် ။

သူမစကားက ဆန်းနေသည် မဟုတ်လား။ ချက်ချင်းလက်ငင်း သူမအနားကို ဘယ်သူများ ရောက်လာပါလိမ့်။

ဖွဲ့ စိုးရိမ်သွားသည် ။

"ယောက်ျားလား ... မိန်းမလား"

"ယောက်ျားပေါ့"

"ဘာ"

အကြင်နာလည်း စိတ်ဝင်စားသွားရသည် ။

"ငါတို့ အိမ်ဘေးက ဖိုးစံတို့ ခြံကို ရန်ကုန်က ခြံပိုင်ရှင် ပြန်ရောက်လာပြီ၊ မေမေက သူ့ကို ဒီနေ့ ထမင်းစားဖိတ်ထားတယ်လေ၊ အဲဒါကြောင့် ငါ ဒီကိုထွက်လာတာ၊ အဲဒီလူကြီးကို ကြည့်လို့ မရပါဘူး"

"ဟုတ်လား ... အဲဒီခြံပိုင်ရှင်က ဘယ်အရွယ်မို့လို့ လဲ"

"လူငယ်ပါပဲ၊ ငါတို့ ထက်တော့ အသက်ကြီးမှာ ပေါ့"

"နင်က သူ့ကို ဘာကြောင့် နေရင်းထိုင်ရင်း အမြင်ကတ်ရတာလဲ အဖြူရယ်"

"သူ့ပုံစံက ပိုင်စိုးပိုင်နင်းနဲ့ ဟ့၊ မေမေကလည်း သူ့ကို ဦးစားပေးတယ်၊ ပြင်ဦးလွင်မှာ သူကြိုက်တဲ့ မိန်းမတွေ့ရင် အကြီးအကျယ် လက်ထပ်ယူမယ်လို့ လည်း ကြေညာသေးတယ်"

"သြော် ... သူက လူပျိုကြီးပေါ့"

ကြင်ကြင်က ခပ်တိုးတိုးရယ်သည် ။ အဖြူရောင်ရဲ့ စူပုတ်ပုတ် အမူ

အရာကို သဘောကျမိလို့ ပါ။ ဖွဲ့နှင့် မိတ်ဆက်ပေးချင်သော သူမစိတ်ကူးကိုလည်း ကြင်ကြင် ရိပ်မိပါသည် ။

ဖွဲ့တော့ ရင်ခုန်မြန်သွားမှာ ပဲ။

စိတ်လည်း ပူသွားမှာ ပဲ။

ဖွဲ့ရင်ထဲ ဘယ်လိုဖြစ်သွားမလဲ အကြင်နာ နားလည်ပေးနိုင်သည် ။

“အဲဒါဆိုလည်း ဖွဲ့နဲ့ မြန်မြန်တွေ့ပေးလေ အဖြူရောင်ရယ်”

“အင်းပါ ... မနက်ဖြန်ပဲ မိတ်ဆက်ပေးမယ်”

အဖြူရောင်က ဆုံးဖြတ်ချက် ချလိုက်သလို ပြောသည် ။

“ဟဲ့ ... ကော်ဖီသောက်လိုက်ဦးလေ၊ ဖွဲ့ရယ် အေးသွားမယ်”

ဖွဲ့က ကော်ဖီခွက်ကို မတို့မထိမိဘဲ ရေနွေးပူပူကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည် ။

အဖြူရောင်နှင့် ပတ်သက်လာလျှင် သူ့စိတ်တွေက ပူလောင်ပျာယာခတ်သွားစမြဲပါ။

ဒါကို မရိပ်မိဘူးလား အဖြူလေးရယ်။

ဖွဲ့ရင်ထဲ မချင့်မရဲ ဖြစ်နေမိသည် ။ အဖြူရောင့်အပေါ်မှာ သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်တွေ ဖြစ်ပေါ်နေမိတာ ကြာပြီ။

အဖြူရောင် စိတ်ဆိုးမှာ ကြောက်လို့ သာ ဖွင့်မပြောဘဲ အောင့်အည်းလို့ မျိုသိပ်ထားရသည် ။

သူ့ရင်ထဲမှာ တကယ်တော့ ပင်ပန်းလေးလံ မွန်းကျပ်နေသည် ။ အကြင်နာက သူ့ကို နားလည်စာနာသော မျက်ဝန်းလေးနှင့် ငြိမ်သက်ငေးကြည့်နေ၏။

ဖွဲ့က အေးစက်စပြု လာပြီဖြစ်သော ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်လိုက်သည် ။

သူ ကြာရှည်ဟန်ဆောင်ထားနိုင်မည် မထင်။

မတော်တဆ အဖြူရောင့်ကို လက်လွှတ်ဆုံးရှုံးရမှာ သူ ကြောက်သ ည် ။

ရည်းစားထားဖို့ စိတ်ကူးရှိပုံမရသော အဖြူရောင့်သဘောထားကို သူသေချာသိတာမို့ လန့်လည်း လန့်နေသည် ။ တခြားလူဦးသွားမှာ လ ည်း စိုးရိမ်မိသည် ။

ဖြစ်နိုင်လျှင်တော့ အဖြူရောင့်အနားမျာ ဘယ်ယောကျ်ားကိုမှ မမြင် ချင်။ သူပဲ တစ်သက်လုံး အဖြူရောင့်နံဘေးမှာ ရှိချင်သည် ။ တစ်သက် လုံး ယုယစောင့်ရှောက်သွားချင်သည် ။

စိတ်ထဲမှာ ဖြစ်နေတာတွေ အဖြူရောင်ကတော့ ကိုယ်ချင်းစာနိုင်မ ည်မထင်။

ယောကျ်ားတွေရဲ့ အချစ်ကို မယုံကြည်တတ်သော သူမကိုဖွဲ့ ဘယ်လို နည်းနှင့် ရည်းစားစကား ပြောရပါ့မလဲ။

ချမ်းအေးတဲ့ ရာသီဥတုမှာ သူ့စိတ်တွေ အိုက်လာမိသည် ။

အကြွင်နာက ...

“ဒါဆိုလည်း အဖြူရောင်ရယ် နင် သူ့ကို မနက်ဖြန် ဒီဆိုင်ကိုပဲ ခေါ် လာခဲ့ပေါ့၊ ငါတော့ မလိုက်ခဲ့ဘူးနော်”

“အင်း ... ကောင်းသားပဲ”

အဖြူရောင်က ခေါင်းညိတ်သည် ။

သူမတို့ ပြောဆိုတိုင်ပင်ပြီးနောက် အတန်ကြာသောအခါမှ လူချင်းခွဲကာ အိမ်ပြန်လာခဲ့သည် ။

ထူးဆန်းသည် မှာ ထိုအချိန်အထိ ဂါမဏီ အိမ်မှာ ရှိနေဆဲပါ။

အိမ်ထဲ လှမ်းဝင်လိုက်သည် ဆိုလျှင် အာကာနှင့် ဆော့ရင်းအော်ဟစ်ဆူညံလုံးထွေးနေသော သူ့ကို တွေ့လိုက်ရသည် ။

“သားအလှည့် ... ကိုကြီးဂါ ဟိုဘက်ထိုး”

သေနတ်ပစ်တမ်း ဆော့နေပုံမှာ တကယ့်ကလေးကြီးအတိုင်း။ တတ်လည်း တတ်နိုင်တဲ့ လူ။

“ဟော့ ... အာကာ”

သူမက အိမ်ထဲရောက်ရောက်ချင်း တစ်ချက် လှမ်းမာန်လိုက်သည် ။ အာကာက မမှုပါ။

မေမေက အပြင်ထွက်လာရင်း ...

“ဟော ... သမီးလေးပြန် လာပြီ၊ ဒီမှာ မောင်ဂါမဏီက ထမင်းမစားဘဲ သမီးကို စောင့်နေတာကွယ့်”

“အိုး ... ဘာလို့ စောင့်ရမှာ လဲ၊ စားနှင့်တာ မဟုတ်ဘူး ”

အဖြူရောင် သူ့ကို မျက်စောင်းထိုးပစ်လိုက်သည် ။

သို့သော် ထိုညက ရှောင်လွှဲမရဘဲ အဖြူရောင် သူနှင့် တစ်ဝိုင်းထဲ ထမင်းအတူစားဖြစ်သွားသည် ။

သူပြန်ခါနီးမှာ အဖြူရောင်က ...

“မနက်ဖြန် ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်” ဟု ကြိုတင်ပြောထားလိုက်ပါသည် ။

တအံ့တသြ ပင့်တက်သွားသော သူ့မျက်ခုံးအစုံနှင့် သူ့အပြုံးများ သည် အဖြူရောင့်ကို ကျီစယ်ဟန်အပြည့်နှင့် ဖြစ်သည် ။

"ကောင်းပြီလေ ... မနက်ဖြန် ဘယ်အချိန်လဲ"

"မနက်ဖြန်ညနေ လေးနာရီလောက်"

အဖြူရောင်က ခပ်တည်တည်လေး အချိန်သတ်မှတ်သည် ။

*